Assalarmualaikum ww.

Dear Brothers and Sisters,
Allah blesses you all and keeps you all in his shelter of mercy.
The Shabbi Baraat , the night of forgiveness is falling next to you that is the night of 5 July 2012, I wish you all to click the following one to watch the full information about the night of forgiveness and do the aamaal (worshipping) accordingly. At the same time transmit this information to your friends, relatives, neighbors and etc. I pray Almighty Allah to shed the light of Hidayah and save us from hellfire. And allow us to enter into the grand paradise. Aameen. Thank you all and regards, Pls, be reminded that you retransmit this message to all of our Muslims brothers as possible as you can so as to update their memory and increase their good deed (Amal Salihah) where the transmitter can also be part of the reward may be given by Allah SWT.

Note: If your friend's Mazhab is Shafiee than he will oppose this night of forgiveness. As you all know in our Beloved country this night is celebrated with high esteem. If you think this night is not important for you too just simply drop this information. Thank you.




ရှဗ္ဗဟ်ခွသ်ဘဟ်- ရှဗ်ဗိဘာရာသ် (ငြိမ်းချမ်းခွင့်ရသည့် ည)

الحمد لله نحمده ونستعينه ونستغفره، ونعوذ بالله من
شرور أنفسنا ومن سيئات أعمالنا، من يهده الله فلا مضل

له، ومن يضلل فلا هادي له، وأشهد أن لا إله إلا الله وحده لا
شريك له وأشهد أن محمداً عبده ورسوله.

လေးစားချစ်ခင်ရသော မွတ်စ်လင်မ် ညီအကိုမောင်နှမအပေါင်းတို့ ......

ချီးမွမ်းခြင်းအပေါင်းတို့သည် အလ္လာဟ်အရှင်မြတ် အတွက်သာတည်း။ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ထံ တော်မှသာ အကူအညီတောင်းခံပါသည်။ ခိုလှုံခွင့်နှင့် ခွင့်လွှတ်မှုကိုလည်းတောင်းခံပါသည်။ ထိုအပြင် ကျွန်ုပ်တို့ စိတ်အတွင်းရှိ မကောင်းမှုကို အားပေးသည့်လှုံ့ဆော်မှုနှင့် ပြင်ပမှ ပြစ်မှုကျူးလွန်အောင်ပြုလုပ်သည့် လှုံ့ဆော်မှု များမှ ကာကွယ်မှုရရန် အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံပါသည်။ ထို့အပြင် တမန်တော်မြတ်(ဆွ)နှင့် မိသားစုဝင်များ အဆွေတော်များ အားလုံးအပေါ် အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်တော် ဘရကာသ်တော်များ ကျရောက် စေသားဟုလည်း ဆုမွန်ကောင်းတောင်း ခံအပ်ပါသည်။ အာမီးန်

ယနေ့တင်ပြချင်တဲ့အကြောင်းအရာကတော့.....

## ရှစ်ဗိဘာရာသ် (ငြိမ်းချမ်းခွင့်ရသည့် ည)

ရှာဘာန်လ ၁၅ ရက်နေ့ည မြန်မာ ပြက္ခဒိန်အရ ဆိုလျှင် ရှာဘာန်လ ၁၄ ရက် ည

Islamic Calendar

1. Muharram
2. Safar
3. Rabi' al-awwal
4. Rabi' al-thani
5. Jumada al-awwal
6. Jumada al-thani
7. Rajab
8. Sha'aban
9. Ramadan
10. Shawwal
11. Dhu al-Qi'dah
12. Dhu al-Hijjah

လေးစားချစ်ခင်ရသော မွတ်စ်လင်မ် ညီအကိုမောင်နှမအပေါင်းတို့ ......

ရှာဘာန်လ ဆန်းပြီဆိုလျှင် မြန်မာပြည်တွင် ရှဗ်ဗိဘာရာသ်ည ရောက်တော့မည်ကို မွတ်စ်လင်တိုင်း စိတ်စော နေမိပါသည်။ သောကြာနေ့ ခွသ်ဗဟ် များတွင်လည်း ရှဗ်ဗိဘာရာသ်ည အကြောင်း ကြိုတင် ဟောကြပြောကြ၍ လူတိုင်းသည် ထိုညကို စောင့် မျှော်နေကြပါသည်။ ရှဗ်ဗိဘာရာသ် ညသည် ရှာဘာန်လ ၁၅ ရက် ညပိုင်း ကျ ရောက်ပါသည်။

အစ္စလာမ်ဘာသာတွင် ညအချိန်သည် အရင်ကျရောက်ပြီး နေ့အချိန်သည် နောက်မှကျရောက်သည်။ ဥပမာ နေ့တစ်နေ့၏ မဂ်ရိဗ် အချိန်သည် ညအစဖြစ်ပြီး ၄င်းညသည် မိုးလင်းနေထွက်ချိန်ထိ ရှိ၏။ နေ့အချိန်သည် နေထွက်ချိန်မှာ နေဝင်ချိန် အထိဖြစ်သည်။ ထို့ကြောင့် မြန်မာ အချိန် ၁၄ ရက်နေ့ မဂ်ရိဗ် ဆွလာသ်အချိန်သည် အစ္စလာမ်ဘာသာအရ ၁၅ ရက်နေ့ည စတင်ပြီဖြစ်သည်။

အရှေ့အာရှနိုင်ငံများ (အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလာဒေးရှ်၊ မြန်မာ) စသည့် နိုင်ငံများတွင် ရှဗ်ဗိဘာရာသ် ညကို နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိပါသည်။ ကျွန်တော်တို့ မှတ်မှတ်ရရဆိုလျှင် မြန်မာနိုင်ငံတွင် ဗလီဂျတ်ကျောင်း တော်များ၌ လူကြီးလူငယ် မရွေး သွားရောက်ကြပြီး တရားသွားနားထောင်ကြ၊ ကဘာရ်သချိုင်းများသို့ သွားရောက်ကြ၊ သေဆုံးသူ ဆွေမျိုးသားချင်းများကို အပြစ်အပေါင်း မှကင်းလွှတ်စေလိုကြောင်း ဖတ်ရွတ် ဆုတောင်းကြ လေ့ရှိပါသည်။ အစ္ဈာရ် ဆွလာသ် အချိန် ကုန်လွန်သည်နှင့် မြောက်များစွာသော ရန်ကုန်မြို့ရှိ လိုင်းကားများ ဘတ်စ်ကားများ တိုက်စီကားများသည် မွတ်စ်လင်မ် တို့ကို အနယ်နယ်အရပ်ရပ်မှ တာမွေသင်္ချိုင်း၊ ကန်တော်ကလေးသင်္ချိုင်း သို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စတင်လုပ်ပေးကြပြီဖြစ်သည်။ အထူးသဖြင့် မဂ်ရိဗ်အချိန်နောက်ပိုင်းတွင် ကားများ၊ လူများ ကြိတ်ကြိတ်တိုးနေအောင် တာမွေ နှင့် ကန်တော်ကလေး သင်္ချိုင်းများတွင် စည်းကားနေပေတော့သည်။ သင်္ချိုင်းများအတွင်းနှင့် အပြင်ဘက်တို့တွင်လည်း ကျောင်းအလှူငွေ ကောက်ခံသူများနှင့် ၄င်းတို့၏ ကောင်တာများ၊ အစ္စလာမ့်ပစ္စည်းများ ရောင်းချသည့်ဆိုင်များ နှင့် တောင်းရမ်းသူ ရာနှင့် ထောင်နှင့်ချီ နေအောင် တွေ့နိုင်သည်။ ဆုတောင်းလာကြသူတို့ သည် မိမိတို့၏ ဆုတောင်းခြင်း၊ ပေးလှူခြင်း လုပ်ငန်းများ လုပ်ကိုင်ပြီးသည်နှင့် မိမိအိမ်များသို့ ကိုယ်စီ ပြန်ကြတော့သည်။

အချို့ ရပ်ကွက်ဗလီဂျတ်ကျောင်းတော်များတွင် အီရှာ ဆွလာသ် ဖတ်ပြီးနောက် အီမာမ် ဆွာဟိဗ်က ရှဗ်ဗိဘာရာသ် ညမြတ် အကြောင်း သိကောင်းစရာများကို ဟောပြောလေ့ရှိပြီး လူငယ်များသည် ၄င်းတရားကို အပြီးတိုင်အောင် နားထောင်ပြီး နောက် သင်္ချိုင်းများသို့ သွားရောက်လေ့ရှိသည်။ အချို့ရပ်ကွက်ဗလီများတွင် အီရှာအချိန်ကတည်းက ည ၃ နာရီနောက်ပိုင်း စဲဟ်ရီ လာရောက်စားသုံးနိုင်ကြောင်း ကြော်ငြာဘုတ်များတွင် ကျေညာချက်များ တင်ပြထားလေ့ရှိသည်။

လူငယ်သဘာဝ အစားအစား အကောင်းဆုံး ချက်ပြုတ်သော ဗလီများမှ ကျွေးမွေးသော ဗီရိရာနီ၊ အုန်းထမင်း၊ ဟလဂါ နှင့် တခါတရံ ဖာလူဒါကိုပါမကျန် ပျော်ပျော်ပါးပါး လိုက်လံစားသုံးလေ့ ရှိသည်ကို မေ့မရနိုင်ပါ။ အရွယ်ရောက်လာသည့်အခါ တဖြေးဖြေး ရှမ်ဗီဘာရာသ်ည ရန်ကုန် တွင် ယခင်ကကဲ့သို့ လူမစည်တော့သည်ကို သတိထားမိသည်။ အကြောင်းကတော့ ၁၉၉၀ နောက်ပိုင်း ရေဝေး ကဗရ်စတန် တည် ဆောက်ပြီးနောက် လူတို့သည့် ဟိုဘက်သွားလိုက် ဒီဘက်သွားလိုက်နှင့် ဖြစ်နေသည်ကို သတိထားမိသည်။ မည်သို့ပင်ဖြစ်စေ ယနေ့တိုင် ဘာရာသ်ညမြတ်ကို မြန်မာ အိန္ဒိယ ပါကစ္စတန် စသည့် နိုင်ငံများတွင် ဆက်လက်ကျင်းပနေသည်ကို သိရသည်။

ဗလီဂတ်ကျောင်းတော် အီမာမ် အများစုက ၎င်း ရှဗ်ဗီဘာရာသ်ညနှင့် ပတ်သက်လျှင် တင်ပြရှင်းပြသည်မှာ မြန်မာမွတ်စ်လင်မ် အများစု အနေဖြင့် လက်ခံကျင့်သုံးကြသည်မှာ ရာစုများစွာတိုင်အောင် အယူဝါဒမကွဲပြားဘဲ တစိုက်မတ်မတ် လုပ်ဆောင်လာ ကြသော်လည်း အာရဗ် နိုင်ငံများ၊ ထိုင်း၊ မလေး၊ အင်ဒို စသည့် ရှာဖအီ မဇ်ဟဗ် ကျင့်သုံးသည့် နိုင်ငံများတွင် ၎င်းညအကြောင်း ပြောလျှင် လုံးဝမသိကြသလို လက်မခံကြသည်ကိုလည်း တွေ့ရ ပေသည်။ ၎င်းတို့က အများအားဖြင့် ပြောကြသည်မှာ ၎င်းည၏ ထူးမြတ်ခြင်း၊ ၎င်းညတွင် အမလ်အီဗါဒသ်အဖြစ် လုပ်ကိုင်နေခြင်းများ၊သင်္ချိုင်းများသို့ သွားရောက်ဇီယာရသ်လုပ်ခြင်းများသည် သာသနာတော်တွင် မရှိကြောင်း ပြောကြသည်။ မိမိတို့ ဆရာများ ဆွဲကိုင်ထားသော ဟဒီးဆ်တော်များကို ခိုင်မာမှုမရှိကြောင်း တင်ပြကြသည်။
ထို့ကြောင့် သူတို့နိုင်ငံတွင် ရှဗ်ဗီ ဘာရာသ် အယူအဆများမရှိဟု ပြောကြလေသည်။

မိမိတို့ သိသော ရှဗ်ဗီဘာရာသ် ညနှင့် လုပ်ဆောင်ချက်များမှာသိရ်မိဇီဟဒီးဆ်ကျမ်းတွင် အိုင်ရှာ (ရ) ၏ တင်ပြချက်ကို ဖေါ်ပြထားသည်မှာ၊ တစ်ည မိမိအိပ်ရာမှ နိုးချိန် တမန်တော်မြတ်ကို မတွေ့ရသဖြင့် လိုက်ရှာရာ အိမ်မှထွက်ခွါနေသော တမန်တော်မြတ်ကို တွေ့ရသည်။ ထိုအခါ ကျွန်မ နောက်မှ လိုက်ကြည့်ရာ တမန်တော်မြတ်သည် ဂျန္နသ် ဗကီအ်ဖက်သို့ သွားနေသဖြင့် ကျွန်မလည်း နောက်မှလိုက်သွားမိသည်။ တမန်တော်မြတ်သည် ကဗရ်ရှေ့တွင် ရပ်လျှက် သေဆုံးသူတို့အတွက် ခွင့်လွှတ်မှုကိုတောင်းခံနေပေသည်။ ကျွန်မကို တွေ့လျှင် အိုအိုင်ရှာ အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်သည် အသင့်ကို သစ္စာ ဖေါက်သည်ဟု အသင်ထင်မြင်နေသလား။ ကျွန်မက မဟုတ်ကြောင်း တမန်တော်မြတ် အနေဖြင့် ကိစ္စရှိမည်ဖြစ်၍ အခြား ဇနီးတော် တစ်ဦးဦးထံ သွားနေသလားဟုသာ ထင်မြင်ကြောင်းပြောမိသည်။ တမန်တော်မြတ်က အိုအိုင်ရှာ ဤညသည် မည်သည့်ည ဖြစ်သည်ကို အသင်မသည် သိပါသလားဟုမေးရာ ကျွန်မက အလ္လာဟ်နှင့် အလ္လာဟ်ရစူလ်သာ အသိဆုံးဖြစ်ပါကြောင်းပြောရာ၊ တမန်တော်မြတ် က ဒီညသည် ရှာဘာန်လ ၁၅ ရက်နေ့ညဖြစ်ကြောင်း ဘာရာသ်ခေါ် လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် ညဖြစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်သည် ဗနီကလ်ဗ် တို့၏ သိုးများပေါ်ရှိ အမွေးများ အရေအတွက်နှင့် တူညီ သော လူတို့၏ အရေအတွက်ကို အပြစ်ရဲများမှ ခွင့်လွှတ်မည်ဖြစ်ကြောင်း ပြောပြပါသည်။

ထိုအကြောင်းများကြောင့် မိမိတို့သည် (၁) ကဘာရ်စတန်သချိုင်းများ သို့သွားရောက်ခြင်း (၂) တစ်နေ့လုံးအတွက် ဆွလာသ် ၅ ကြိမ် ရအောင် ဖတ်ခြင်း ( ၃) မဂ်ရိဗ် ဆွလာသ် အပြီး နဖိလ် ဆွလာသ် ၂ ရကအသ် ၃ ကြိမ် ဖတ်ခြင်း (၄) စူရာ ရာစီးန် ၃ ကြိမ်ဖတ်ခြင်း (၅) ညအခါ သဟဂျ်ဂျုဒ် နမာဇ် ဖတ်ခြင်း (၆) ကျမ်းမြတ်ကုရ်အာန် ဖတ်ခြင်း (၇) ဇိကိရ် ရသလောက်လုပ် ခြင်း (၈) ဆွလာသ် သစ်ဘိဟ် ဖတ်ခြင်း (၉) စဟ်ရီစားသောက်ခြင်း ရိုဇာစောင့်ထိန်းခြင်း (၁၀) တတ်အားသ၍ အလှူဒါနပြုလုပ်ခြင်း စသဖြင့် မိမိတို့၏ ရှဗ်ဗိဘာရာသ်ကို အကောင်းဆုံးဖြစ်အောင် အမလ်အိဗါဒသ်များဖြင့် ကျေနပ်စရာဖြစ်အောင် လုပ်ဆောင်လေ့ရှိပါသည်။

သို့သော်ငြားလည်း ယနေ့ခေတ်လူတို့သည် အထက်ပါဖေါ်ပြချက်များ မှန်ကန်မှုရှိမရှိကို အထူးတလည် လိုက်လံမေးမြန်း ရှာဖွေကြလေ့ရှိသည်ကိုလည်း သိသဖြင့် ယနေ့ အိန္ဒိယတိုက်ခွဲတွင် ပါကစ္စတန်နိုင်ငံမှ ကမ္ဘာကျော် အစ္စလာမ် သာသနာ့ပညာရှင် မောင်လာနာ မုဖ်သကီး ဆွာဟိဗ် တင်ပြသည့် ရှဗ်ဗီဘာရာသ် အကြောင်း သိကောင်းစရာများကို အောက်ပါအတိုင်း မြန်မာဘာသာသို့ ပြန်ဆိုရေးသားလိုက်ပါသည်။

၁။ ရှာဘန်လမြတ်သည် မြင့်မြတ်သော လမြတ်များတွင် ပါပြီး ၄င်းလမြတ်နှင့် ပတ်သက်ပြီး တမန်တော်မြတ် (ဆွ) ၏လမ်းညွှန်ချက် များကို လေ့လာနိုင်ပါသည်။ ဟဒီးဆ်တော်များအရ တမန်တော်မြတ် (ဆွ) သည် လမြတ် ရှာဘန်တွင် ရက်များစွာ၌ဥပုသ် တည်ဆောက်သည်ကို တွေ့နိုင်ပါသည်။ အဆိုပါ ဥပုသ်စောင့်ထိန်းခြင်းသည် တမန်တော်မြတ်(ဆွ)အပေါ်တွင် ဖရဇ်တာဝန် မဖြစ်မနေလုပ်ရမည့် တာဝန်အဖြစ် မတည်ရှိသော်လည်း တမန်တော်မြတ်(ဆွ)သည် လာတော့မည့် လမြတ်ရမ်ဇာန်နှင့် ပတ်သက်ပြီး ပြင်ဆင်ခြင်းလုပ်ငန်းများကို လုပ်သည့်အနေဖြင့် ရိုဇာစောင့်ထိန်းခြင်း အခြားလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက် သည်ကို လေ့လာနိုင်ပါသည်။

၂။ အနက်စ်(ရ)တင်ပြသည်မှာ တမန်တော်မြတ်အား ရမ်ဇာန်လမြတ်ပြီးနောက် မည်သည့် လ၏ရိုဇာသည် အမြင့်မြတ်ဆုံးဖြစ်ပါသနည်းဟု မေးရာဖြေကြားသည်မှာ ရှာဘန်လ၏ ရိုဇာဖြစ်ကြောင်းမိန့်ပါသည်။

၃။ အိုစာမာဗင်ဇိုဒ်(ရ)က တမန်တော်မြတ် (ဆွ) အား ပြောဆိုသည်မှာ "အိုတမန်တော်မြတ်(ဆွ) သခင်သည် ရှာဘာန်လတွင် အများနှင့်မတူ ထူးထူးကဲကဲ ဥပုသ် စောင့်ထိန်းလေ့ရှိပါသည်။ မည်သည့် အကြောင်းကြောင့် ပါနည်း" ဟုမေးရာ တမန်တော်မြတ်(ဆွ)က "အို အိုစာမာ ရှာဘာန်လသည် ရဂျဗ်လနှင့် ရမ်ဇာန်လမြတ်တို့ အကြားတွင် ကျရောက်ပြီး များစွာသောသူတို့သည် ဤလကို မေ့ထားကြလေ့ရှိသည်။ ၄င်းနောက် ဤလတွင် လူတို့၏ ကောင်းမှု မကောင်းမှု စာရင်းအစုစုကို အလ္လာဟ်အရှင် မြတ်ထံ ဆက်သလေ့ရှိပါသည်။ မိမိသည် မိမိ၏ စာရင်းဇယားကို

အလ္လာဟ်အရှင်မြတ်ထံ တင်ပြသည့်အချိန်တွင် ရိုဇာစောင့်ထိန်းလျှက် ရှိနေချင်ပါသည်"" ဟု ဖြေကြားပါသည်။

၄။ အိုင်အိရှာ (ရ) တင်ပြသည်မှာ တမန်တော်မြတ် (ဆွ) ရှာဘာန် လတွင် တစ်လလုံး ရိုဇာစောင့်ထိန်း လေ့ရှိပါသည်။ သို့ဖြင့် မိမိသည် တမန်တော်မြတ် (ဆွ) အား မေးမြန်းသည်မှာ "" ရှာဘာန်လသည် သခင့် အတွက် အလွန်အနစ်သက်ဆုံးသော လများတွင် ပါဂင်ပါသလား"" သခင်က ""ရှာဘာန်လတွင် အလ္လာဟ် အရှင်မြတ်သည် ကွယ်လွန်သေဆုံးမည့်သူများ စာရင်းကို ထုတ်ပြန်လေ့ရှိ ပါသည်။ မိမိသည် မိမိ၏ သေစာရင်းကို ထုတ်ပြန်သည့်အချိန်တွင် ရိုဇာစောင့်ထိန်းလျှက်ရှိချင်ပါသည်"" ဟု ဖြေကြားပါသည်။

၅။ အိုင်အိရှာ (ရ) မိန့်သည်မှာ တမန်တော်မြတ် (ဆွ) သည် ရိုဇာစောင့်ထိန်းပြီဆိုလျှင် မိမိတို့ထင်မြင်မိသည်မှာ သခင်သည် ရိုဇာစောင့်ထိန်းခြင်းကို ရပ်ဆိုင်းတော့မည်မဟုတ်ဟု ဟူ၍ဖြစ်သည်။ ရိုဇာစောင့်ထိန်းခြင်းကို ရပ်ဆိုင်းလိုက်ပြီဆို လျှင် နောက်ထပ် ရိုဇာစောင့်ထိန်းတော့မည်မဟုတ်ဟု ထင်မြင်ကြသည်။ တမန်တော်မြတ် သည် ရမ်ဇာန်လမှလွဲလျှင် မည်သည့်လတွင်မှ တစ်လ လုံးပြည့် အောင် ရိုဇာစောင့်ထိန်းခဲ့သည်မဟုတ်ပါ။ သို့သော် ရှာဘာန်လတွင်မူ အခြားသောလများထက် ရိုဇာအများဆုံး စောင့်ထိန်း တော်မူလေ့ရှိပါသည်။

၆။ အိုင်အိရှာ (ရ) တင်ပြသည်မှာ တမန်တော်မြတ် (ဆွ) သည် ရှာဘာန်လ၏ ရိုဇာစောင့်ထိန်းခြင်းကို အထူး ဂရုပြုစောင့်ထိန်းသည်ကို တွေ့ရသည်။ သခင်သည် ရက်အနည်းမှလွဲ၍ ရှာဘာန် တစ်လလုံး ရိုဇာစောင့်ထိန်း လေ့ရှိသည်။ မသိလျှင် သခင်သည် ရှာဘာန်တစ်လလုံး ရိုဇာစောင့်ထိန်းသည်ဟု ထင်မြင်ရပါသည်။
စလီမာ (ရ) တင်ပြသည်မှာ တမန်တော်မြတ် (ဆွ) အား မိမိသည် လနစ်လတွင် တနစ်လုံးပြည့် အောင် ရိုဇာစောင့်ထိန်းတော်မူလေ့ရှိ သည်။ ထိုလနစ်လမှာ ရမဇာန် နှင့် ရှာဘာန်လတို့ဖြစ်သည်။

အထက်ပါ ဟာဒီးဆ်များကို လေ့လာခြင်းအားဖြင့် တမန်တော်မြတ် (ဆွ) သည် ရှာဘာန်လတွင် ရက်များစွာ ရိုဇာဥပုတ်စောင့်ထိန်း လေ့ရှိသည်ကို တွေ့ရပါသည်။ ထိုသို့စောင့်ထိန်းခြင်းသည် တမန်တော်မြတ်အပေါ်တွင် ဖရဇ် တာဂန်တစ်ရပ်မဟုတ်သော်လည်း တမန်တော်အနေဖြင့် တဆိုက်မတ်မတ် ရိုဇာစောင့်ထိန်းခြင်းကို ကြည့်ခြင်းဖြင့် သိရသည်မှာ ရှာဘာန်လသည် မြင့်မြတ်သော လဖြစ်သည်မှာ သေချာခြင်းပင်ဖြစ်ပါသည်။

သို့သော် အထူးသတိထားသင့်သည်မှာ ရှာဘာန်လ ရိုဇာစောင့်ထိန်းခြင်းသည် သန်မာသော စွမ်းဆောင်နိုင် သော သူတို့အတွက် သာဖြစ်သည်။ ရှာဘာန်လရိုဇာစောင့်ထိန်းခြင်းဖြင့် အားပြတ်ကာ ရမ်ဇာန်လ ရိုဇာစောင့်ထိန်းခြင်း မပြုလုပ်နိုင်သည့် အခြေအနေကို ရောက်မသွားရန်

သည်အလွန်ပင်အရေးကြီးပါသည်။ သို့ဖြင့်၍ မည်သူမဆို ရှာဘာန်လ ရှိဇာစောင့်ထိန်းခြင်းဖြင့် နေထိုင်မကောင်း ဖြစ်ခြင်း၊ ရမ်ဇာန်လတွင် ရှိဇာမစောင့်ထိန်းနိုင်လောက်အောင် အားအင်ရှုတ်ရော့ သွားအောင်ဖြစ်မည်ဆိုလျှင် မိမိတို့အနေဖြင့် ရှာဘာန်လတွင် ရှိဇာမစောင့်ထိန်းရန်သာဖြစ်သည်။ ရမ်ဇာန်လမြတ်၏ ရှိဇာစောင့်ထိန်းခြင်းသည် ပိုမိုမြင့်မြတ်သည်ကို မိမိတို့ မမေ့ကြရန် အရေးကြီးပါ သည်။

တမန်တော်မြတ် (ဆွ) မိန့်သည်မှာ သာမန် မွတ်စ်လင်မ်ထုအနေဖြင့် ရမ်ဇာန်လမရောက်ခင် နှစ်ရက် ခန့်အတွက် လုံးဝ ရှိဇာမစောင့် ထိန်းရန် လမ်းညွှန်ထားခြင်းဖြစ်ပါသည်။ "မည်သူမဆို ရမ်ဇာန်လမြတ်၏ ရှိဇာစောင့်ထိန်းခြင်းကို ရှာဘာန်လ၏ နောက်ဆုံး ရှိဇာ တစ်ရက် သို့မဟုတ် နှစ်ရက်ဖြင့် အစမပြုကြပါနှင့်" ဟူ၍ဖြစ်ပါသည်။

အဘူဟိုရိုင်ရာ (ရ) တင်ပြထားသည်မှာ "ရှာဘာန်လ၏ ပထမ နှစ်ပတ် ကုန်လွန်သွားပြီးနောက် ရှိဇာမစောင့် ထိန်းကြရ" ဟူ၍ဖြစ်ပါ သည်။ သဘောမှာ ရှာဘာန်လ၏ နောက်ဆုံး နှစ်ပတ်တွင် မည်သူမျှ ရှိဇာစောင့်ထိန်းခြင်းမပြုကြနှင့်ဟူ၍ ဖြစ်ပါသည်။ တနည်းအား ဖြင့် နောက်ဆုံးနှစ်ပတ် စားစားသောက်သောက်ဖြင့် ရမ်ဇာမ်လအတွက် ပြင်ဆင်ထားကြရန် သတိပေးထားခြင်းဖြစ်ပါ သည်။

ရှာဘာန်လ၏ ထူးမြတ်မှုတစ်ခုသည် ၄င်းလတွင် ညတစ်ညရှိပါသည်။ ၄င်းညကို "လိုင်လတွလ်ဘာရာသ် အပယ်ငရဲမှ လွတ်မြောက်မှုရနိုင်သောည" ဟုခေါ်ပါသည်။ ၄င်းညသည် ရှာဘာန်လ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့ ည ၏ ကြားညဖြစ်ပါသည်။ ဘာရာသ်ည၏ ထူးမြတ်နှင့် ပတ်သက်သော ဟဒီးဆ်တော်များကို ဆက်လက်လေ့လာကြည့်ကြပါစို့။

အိုင်အိရှာ (ရ) တင်ပြသည်မှာ တမန်တော်မြတ် (ဆွ) သည် တစ်ရက် သဟာဂျ်ဂျုဒ် ဆွလာသ် ဖတ် နေစဉ် စိဂျ်ဒဟ် ပြုလုပ်နေသည် မှာ အတော်ပင်ကြာမြင့်သွားပြီဖြစ်သည်၊ မည်မျှကြာသနည်းဟူမှု ကျွန်မအနေဖြင့် ထင်လိုက် သည်မှာ တမန်တော်မြတ် (ဆွ) ကွယ်လွန်သွားပြီလားဟု ထင်လိုက်ရပါသည်။ ကျွန်မလည်း အိပ်နေရာမှထလာကာ တမန်တော်မြတ် (ဆွ) ၏ လက်မကို မကြည့် လိုက်ရာ လှုပ်ရှားလာသည်ကို တွေ့ရသဖြင့် စိတ်သက်သာရလာပြီး မိမိနေရာသို့ ပြန်လာလိုက်ပါသည်။ ထို့နောက် တမန်တော်မြတ် (ဆွ) စိဂျ်ဒဟ် လုပ်နေရင်း နှတ်မှ အောက်ပါ အတိုင်း ရေရွတ်သည်ကို ကြားရပါသည်။ " ကျွန်တော်မျိုးသည် အရှင်မြတ်၏ အပြစ်ပေးခြင်းကို အရှင်မြတ်၏ ခွင့်လွှတ်မှု အရိပ်အောက်တွင် ခိုလှုံပါသည်၊ ကျွန်တော်မျိုးသည် အရှင်မြတ်၏ မနှစ်သက်မှုကို အရှင်မြတ်၏ နှစ်သက်မှု အရိပ်အောက်တွင် ခိုလှုံပါသည်၊ ကျွန်တော်မျိုးသည် အရှင်မြတ်၏ ဂရုဏာတော်၏ အရိပ်အောက် တွင် ခိုလှုံပါသည်၊ ကျွန်တော်မျိုးသည် အရှင်မြတ် ထိုက်တန်သင့်မြတ်သည့် အနေအထားမျိုးဖြင့် ချီးမွမ်းနိုင်ခြင်း အလိုငှာ မတတ်သာလေပြီဖြစ်သည်၊ အရှင်မြတ်သည် မိမိ၏ သတ်မှတ် တည်ရှိမှုအနေအထားဖြင်ပင် တည်ရှိ နေပါသည်"။ ထို့နောက်

တမန်တော်မြတ် (ဆွ) သည် မိမိ၏ ဆိဂ်ျဒဟ် မှထလာကာ ဆွလာသ်ကို အဆုံးသတ် လိုက်ကာ မိမိကို ပြောပါသည်၊ " အို အိုင်ရှာ အသင်အနေဖြင့် အလ္လာဟ်တမန်တော် သည် အသင့်ထံပါးမှ စွန့်ခွါထွက်သွားပြီဟု ထင်ပါသလား၊ အိုင်ရှာ (ရ) အို တမန်တော် ကျွန်မ အနေဖြင့် အလွန်စိုးရိမ် သွားသည်မှာ သခင် စိဂျ်ဒဟ် လုပ်နေသည်မှာ ကြာလွန်းသဖြင့် သခင်၏ ဂိဉ်ည် ထွက်သွားပြီ ဖြစ်ပြီးလားဟု ထင်မြင်ရခြင်း ဖြစ်ပါသည်။ တမန်တော်မြတ် (ဆွ) မိန့်သည်မှာ အိုအိုင်ရှာ အသင်သည် ဒီည မည်သည့်ညဖြစ်သည်ကို သိပါသလား၊ အိုင်ရှာက အလ္လာဟ်နှင့် အလ္လာဟ် တမန်တော်သာ အသိဆုံးဖြစ်ကြောင်းပါဟု ပြောပါသည်။ ထိုအခါ တမန်တော်မြတ်က ဒီညသည် ရှာဘာန်လ၏ ၁၅ ရက်မြောက်ည ဖြစ်သည်။ ဤညတွင် အလ္လာဟ်အရှင်မြတ် သည် မိမိ၏ ကျေးကျွန်များကို ကြည့်ရှုပြီးနောက် ကောင်းမွန်မြင့်မြတ်သော မှန်ကန်သောသူတို့အား အပြစ်များကို ခွင့်လွှတ်တော်မူပြီး မိမိ၏ ဂရုဏာ တရားကို ချီးမြင့်တော်မူလေသည်။ သို့သော် မမှန်ကန်သူ အပြစ်လုပ်သူတို့အတွက် ပြစ်ဒါဏ်များ သတ်မှတ်တော်မူပြီး သူတို့အနေဖြင့် ခွင့်လွှတ်မှု မတောင်းခံသမျှ ကာလပတ်လုံး ၎င်းအပြစ်ဒါဏ်များကို တည်ရှိစေလေသည်။

အိုင်ရှာ (ရ) တင်ပြသည်မှာ ထိုညမြတ်တွင် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင် အောက်သို့ ဆင်းသက် လာပြီးနောက် မြောက်များစွာသော လူများ ၎င်းတို့၏ အရေအတွက်သည် ဗနီခလ်ဗ် အမျိုးနွယ်ဂင်တို့၏ သိုးများ၏ အမွေးအရေအတွက်ထက် ပင်များပြားသော လူတို့အား အပြစ်များမှ ခွင့်လွှတ်တော်မူလေသည်။ မဒီနာ မြို့ပတ်ဂန်းကျင်တွင် ဗနီကလ်ဗ် ဟူသော အမျိုးနွယ် ဂင်တို့တွင် များစွာသော သိုးများရှိပြီး ၎င်းသိုးတို့၏ အမွေးများအရေအတွက်သည် မည်မျှများလိမ့်မည်ကို မိမိတို့ခန့်မှန်းနိုင်သည်။ တနည်းအားဖြင့် မြောက်များ စွာသော လူတို့၏ အရေအတွက်ကို ဆိုလိုခြင်းဖြစ်ပြီး ၎င်းတို့၏ ပြစ်ဒါဏ်များကို ခွင့်လွှတ်မည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

နောက်ဟဒီးဆ်တော်တစ်ပုဒ်တွင် အိုင်ရှာ (ရ) ကပင်တင်ပြခဲ့သည်မှာ ""၎င်းညတွင် ဗနီကလ်ဗ် တို့၏ သိုးများ၏ အမွေးများ အရည်အတွက်နှင့် ညီမျှသော လူအရေအတွက်အား ဂျဟန္နမ် ငရဲမီးလောင် မြိုက်နေရာမှ ခွင့်လွှတ်မှု ပေးသည်ဟူ၍ ဖြစ်ပါသည်။ အလ္လာဟ်အရှင်မြတ် ခွင့်လွှတ် လိုက်သူများတွင် မည်သူမည်ဂါကို ခွဲခြားခြင်းမပြုဘဲ တနည်းအားဖြင့် ၎င်းတို့အတွင်း အလ္လာဟ်အရှင်မြတ်အား ရှိရ်က် လုပ်သူများ၊ နှလုံးသားများအတွင်း မကောင်းမှု များဖြင့် ပြည့်နက် နေသူများ၊ ဆွေမျိုးညာသကာနှင့် အဆက်ဖြတ်ထားသူများ၊ ခြေမျက်စိအောက် ဂုဏ်မောက် သလို လုံချည် ဘောင်းဘီ ဂတ်ကြသူများ၊ အရက်သေစာ သောက်စားသူများ စသဖြင့် မခွဲခြားဘဲ အပယ် ငရဲမှ ထုတ်ယူကာ အပြစ်ခွင့်လွှတ်လိုက်ခြင်းဖြစ်ပါသည်။

မုအာဇ် (ရ) တင်ပြသည်မှာ တမန်တော်မြတ်(ဆွ) မိန့်တော်မူသည်မှာ အလ္လာဟ်အရှင်မြတ် သည် ဘာရာသ်ည အခါတွင် မိမိဖန်ဆင်းတော်မူခဲ့သည့် လူအပေါင်းတို့ကို ကြည့်ရှုတော်မူလျှင် ၎င်းတို့ အားလုံးကို အပြစ်အပေါင်းမှ ခွင့်လွှတ်တော်မူလေသည်။ သို့သော် ၎င်းတို့အနက် အလ္လာဟ်

အရှင်မြတ်အား ရှိရက် လုပ်သူအပေါင်းတို့နှင့် စိတ်နှလုံးများအတွင်း မကောင်းစိတ်ထားသူများ မပါဝင်ပါလေ။

ဖေါ်ပြပါ အဟာဒီးဆ် များနှင့် ပတ်သက်ပြီး အများစုသော ပညာရှင်များက အချို့ဟဒီးဆ်တော်များသည် ခိုင်မာမှုရှိပြီး အချို့သည် အားနည်းချက်များရှိသည်ကို လက်ခံကြပါသည်။ သို့သော် အချို့သောပညာရှင်တို့က ဟဒီးဆ် အချို့၏ ခိုင်မာမှုဆိုင်ရာ ချို့ယွင်းချက်များအပေါ် လက်ခံမှုမပြုကြဘဲ ဘာရာသ်ည၏ ထွတ်မြတ်မှုကို ငြင်းပယ်လိုက်ကြသည် လည်းရှိပါသည်။ ၎င်းတို့၏ ညင်းပယ်မှုကို မည်သို့မှ တုံ့ပြန်ပြောဆိုလိုသော်လည်း ၊ အထက်ပါ ဟဒီးဆ်များကို စုပေါင်းကြည့်လိုက်သည့်အခါ၊ များစွာသော ပညာရှင်တို့သည် ၎င်းည၏ ထွတ်မြတ် မှုကို လက်ခံကာ အမလ် အိဗါဒသ် လုပ်ကာ အကျိုးပွားများလာသည်မှာ နှစ်အဆက်ဆက် ခေတ် အဆက်ဆက် ရှိခဲ့ပြီဖြစ်သည်။

ဘာရာသ်ည၏ ထူးမြတ်မှုကို နားလည်လက်ခံသောသူတို့အတွက် ၎င်းညကို ပိုင်နိုင်စွာအသုံးချနိုင် လျှင် အကောင်းဆုံးဖြစ်သည်။ ၎င်းတစ်ညတာအတွက် နိုးနိုးကြားကြား ရှိနေသင့်သည်။ သို့သော် ညတာ၏ အချို့အစိတ်အပိုင်းတွင် နိုးကြားနေလျှင်လည်း ကောင်းလှပါသည်။ ၎င်းည၏ အစိတ်အပိုင်းသည် ညဦးပိုင်းဖြစ်စေ မိုးလင်းပိုင်းဖြစ်စေ ပြဿနာ မဖြစ်နိုင်ပါ။ ၎င်းနောက် အောက်ဖေါ်ပြပါ အိဗါဒသ်များကို တတ်အားသ၍ လုပ်နိုင်ပါသည်။

(၁) ဆွလာသ် တည်ဆောင်မှုသည် အမလ် အိဗါဒသ်အပေါင်းတွင်အကောင်းဆုံးဖြစ်သည်။ မည်မျှသော ရကာအသ် ဖတ်သင့်ကြောင်း အတိအကျ မဆိုထားသော်လည်း ၈ ရကာအသ် ဖတ်ဖြစ်နိုင်လျှင် အကောင်းဆုံးဖြစ် သည်။ ပညာရှင်အများစုသည် ၈ ရကာအသ် အနည်းဆုံး ဖတ်ကြသည်။ ဆွလာသ် ဖတ်လျှင်လည်း သတိပြုသင့် သည်က ဆွလာသ်၏ စိဂျ်ဒဟ်နှင့် ရကူအ် ကို ခပ်ကြာကြာ ခါတိုင်းထက် အချိန်ပိုကာ လုပ်သင့်သည်။ စူရာအတွဲများကိုလည်း ရှည်လျားသည့် စူရာကို ဖတ်နိုင်ကကောင်းသည်။ စူရာအရှည် အလွတ်မဖတ်နိုင်က အတိုစူရာများကို တတ်နိုင်သလောက်တွဲကာ ဖတ်လျှင်လည်းကောင်းပါသည်။

(၂) ဆွလာသ်ဖတ်ပြီးသည့်နောက် ကျမ်းမြတ်ကုရ်အာန် ဖတ်ခြင်းသည် အကောင်းဆုံးသော အအ်မာလ် အိဗါဒသ် ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်မှ မည်သည့် စူရာဖြစ်စေ၊ ဖတ်နိုင်သလောက် ဖတ်လေ ကောင်းလေ ဖြစ်သည်။

(၃) ကျမ်းမြတ်ကုရ်အာန် ဖတ်ခြင်းကို ရပ်နားသည့်အခါ သို့မဟုတ် အခြားအမလ်ကို လုပ်ခြင်လာ သည့်အခါ ဇိကိရ် လုပ်ခြင်းသည် အကာင်းဆုံးဖြစ်သည်။ ဇိကိရ် လုပ်သည့်အခါ အကောင်းဆုံးမှာတော့ တမန်တော်မြတ် (ဆွ) အပေါ် ဆွလဝါသ် ဖတ်ပို့ခြင်းဖြစ်သည်။ မိမိ ရသည့် ဆွလဂါသ် ကို

ဖတ်နိုင်သလောက် ဖတ်နိုင်ပါသည်။ ဇိကိရ်ကို ထိုင်လျှက်ဖြစ်စေ၊ လျှောင်းလျှက်ဖြစ်စေ၊ လမ်းလျှောက်လျှက်ဖြစ်စေ ဖတ်ရွတ်နိုင်ပါသည်။

(၄) အထူးဒိုအာတောင်းခံခြင်းဖြစ်သည်။ ဤညတွင် မိမိ၏ ဆွလာသ်များ၊ ကျမ်းမြတ်ကုရ်အာန်ဖတ်ခြင်း၊ ဇိကိရ်စိတ်ခြင်း စသည်တို့ကို လုပ်ပြီးသည့်နောက် မိမိတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ မိမိတို့၏ အမလ် အိဗါဒသ်များကို လက်ခံအောင် လွတ်ငြိမ်းချမ်းသာခွင့်ရအောင် အပယ်ငရဲမီးမှ လွတ်ငြိမ်းခွင့်ရအောင် အထူးဒိုအာ တောင်းခံရမည်။ ဒိုအာတောင်းခံခြင်း ဟူသည် မိမိတို့နှင့် အလ္လာဟ်အရှင်မြတ်အကြား အဆက်အသွယ် ခိုင်မာသည်ထက် ခိုင်မာအောင် လုပ်ခြင်းဖြစ်သည်ကို သဘောပေါက်ရမည်။ ဒါကြောင့် မိမိတို့သည် ဒိုအာတောင်းခံခြင်းကို အထူးဂရုစိုက်တောင်းခံရမည်။ ဒိုအာတောင်းခံလေ အလ္လာဟ်အရှင်မြတ် နှစ်သက်မြတ်နိုး လေဖြစ်သည်။ မိမိတို့သည်မှာ ဒိုအာတောင်းခံရင်း စိတ်ကုန်သွားလေ့ရှိပြီး အလ္လာဟ်အရှင်မြတ် အနေဖြင့်မှုနားထောင်ခြင်းကို မငြီးညူနိုင်အောင်ပင်ဖြစ်တော့သည်။ မိမိတို့၏ ဒိုအာတောင်းခံချက်များ ချက်ခြင်းမပြည့်ဝသေးသည်ကို စိတ်ပျက်စရာလည်း မလိုပါ၊ ယခုမတွေ့သေးပေမဲ့ အချိန်တန်သည့်အခါတောင်းသည့် အရာထက် ပိုမိုကောင်းမွန်သောအရာကို ရရှိသည့်အတွက်စိတ်အပျော်ကြီးပျော်နေလိမ့်မည်။

အမှန်တော့ တမန်တော်မြတ် (ဆွ) တောင်းခံခဲ့သည် တောင်းဆုဒိုအာများသည် စံနမူနာယူထိုက်သည့် ဒိုအာများပင်ဖြစ်သည်။ ပိုင်ပိုင်နိုင်နိုင်ရှိမှု၊ ပြည့်စုံကုံလုံမှု၊ တင်ပြချက်များ လေးနက်မှု၊ စသည့်ဘက်ကကြည့်လျှင် မည်သူမျှ ယနေ့တိုင် တမန်တော်မြတ် (ဆွ) ကဲ့သို့ ဒိုအာတောင်းခဲ့နိုင်မည်မဟုတ်ပါ။ မည်သည့်လူသားမျှ အဆိုပါ ဒိုအာများကို ယှဉ်ပြိုင် ရေးသားတောင်းဆိုနိုင်မည်မဟုတ် ပါ။ သို့ဖြစ်၍ မိမိတို့အနေဖြင့် ၎င်းဒိုအာများကို တတ်နိုင်သ၍ လေ့လာကာ နေ့စဉ်မိမိတောင်းဆိုသည့်ဒိုအာဖြစ် အစဉ်တောင်းဆိုနေသင့်သည်။ အကယ်၍ မိမိအနေဖြင့် ဒိုအာမူရင်းအတိုင်း အာရဗီဘာသာဖြင့် မတောင်းနိုင်ပါကလည်း စိတ်ပျက်စရာမလိုပါ။ မိမိတို့ ကိုယ်ပိုင် ဘာသာစကားမြန်မာလိုတတ်က မြန်မာလို အင်္ဂလိပ်လိုတတ်က အင်္ဂလိပ်လို တောင်းခံနိုင်ပါသည်။ အချို့မိတ်ဆွေများသည် အကြောင်းအမျိုးမျိုးကြောင့် ညအခါ ထခြင်း ဖတ်ရွတ်ခြင်း မပြုလုပ်နိုင်သဖြင့်စိတ်ပျက်မနေသင့်ပါ။ အချို့သည် နေမကောင်းသည့်အတွက်၊ အချို့က ခရီးထွက်နေခြင်း၊ စာပေလေ့လာ နေခြင်း၊ အမျိုးသမီးများ ရာသီလာခြင်း၊ ကိုယ်ဝန်ဆောင် နေသည့်ကာလဖြစ်ခြင်း စသည့်အကြောင်းအမျိုးမျိုးရှိ နေနိုင်တတ်ပါသည်။

ထိုသူတို့အဖို့ အထူးသဖြင့် ဆွလာသ် ၅ ကြိမ်ကို မပြတ်တန်းဖတ်ခြင်းသည် အကောင်းဆုံးဖြစ် သည်။ တတ်နိုင်ပါက ဇိကိရ်ကို အဆက်မပြတ် ဖတ်နေသင့်သည်။ သွားသွားလာလာ စားစား သောက်သောက် လုပ်နိုင်ပါသည်။ အမျိုးသမီးများအနေဖြင့် ဇိကိရ်တွင် အထက်တွင် ဖေါ်ပြသည့် အတိုင်း တမန်တော်မြတ် (ဆွ) အပေါ် ဒရူးဒ် ဆွလဂါသ် တတ်အားသ၍ ဖတ်နေသင့်သည်။

ဘာရာသ်ညတွင် ကျွန်ုပ် မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလာဒေးရှ်၊ ပါကစ္စတန်၊ အီရန် စသည့်နိုင်ငံများတွင် သင်္ချိုင်း သို့သွားရောက်ကြပြီး သေဆုံးလေသူ မိဘဖိုးဖွားများအတွက် ခွင့်လွှတ်မှုတောင်းခံလေ့ရှိသည်။ အချို့သော် ပညာရှင်များက ထိုညတွင် တမန်တော်မြတ် (ဆွ) သည် အိပ်နေရာမှ တိတ်တစိတ် ဂျန္နသွလ်ဘကီဟ် သင်္ချိုင်းသို့သွားရောက်ပြီး သေဆုံးလေသူများအတွက် ငြိမ်းချမ်းမှု ကင်းလွတ်မှုကို တောင်းခံခဲ့ကြောင်း တင်ပြကြပါသည်။ သို့သော် ၎င်းဟဒီးဆ်တော်များ သည် အလွန်ပင် အထောက်အထား ခိုင်မာမှု အားနည်းပါးလွန်းသည့်အတွက် ယနေ့၎င်းလုပ်ရပ် ကို မလုပ်ကြတော့ပေ။ သို့သော် များစွာသောသူတို့က ၎င်းလုပ်ရပ်ကို မွတ်စ်သဟာဗ် အဖြစ် သတ်မှတ်ကာ လုပ်ကြသည်။ သို့သော် မှတ်ထားသင့်သည်က ၎င်းလုပ်ရပ်သည် အရေးတကြီး မဖြစ်မနေလုပ်ရမည့် အိဗါဒသ် မဟုတ်သလို ပုံမှန်လုပ်စရာလည်း မလိုအပ်သည့် အိဗါဒသ် တခု ဖြစ်ကြောင်းသိရမည်။ တကယ်တော့ မိမိအိမ်တွင် ဖတ်ရွတ်ပြီး သေဆုံးသူများအတွက် ဖတ်ရွတ်ကာ လွတ်ငြိမ်းချမ်းသာမှုကို တောင်းခံနိုင်ပါသည်။ ၎င်းညတွင် အထူးသတိထားသင့်သည်မှာ မကောင်းမှုနှင့် တတ်အားသ၍ ဝေးသည်ထက် ဝေးအောင်နေ ခြင်းဖြစ်သည်။

ဘာရာသ်ညတွင် ဘာတွေလုပ်သင့်သနည်းဆိုသည်ကို နားလည်သည့်အခါ မိမိတို့အနေဖြင့် ၎င်းလုပ်ငန်းများကို လုပ်ကိုင်ဆောင် ရွက်နေခြင်းသည် မကောင်းမှုမှ ကင်းဝေးအောင်နေနိုင်ရန် အတွက် အကောင်းဆုံးအခွင့် အရေးတစ်ခုပင်ဖြစ်သည်။ စင်စစ် ၎င်းညသည် မိမိတို့သည် ကိုယ်ကိုယ်ကို အလ္လာဟ်အရှင်မြတ်ထံ ဝကွက်အပ်နှံ ထားခြင်းသည် အကောင်းဆုံးလုပ်ရပ်ဖြစ်သည်။

ထိုအခါ အလ္လာဟ်အရှင်မြတ် မနှစ်သက်သည့် အလုပ်မှန်သမျှကို မိမိတို့သည် အဆင်ပြေစွာ ရှောင်ကြဉ်နိုင်မည့် အခြေအခြေအနေများ ရရှိလာနိုင်သည်။ အထူးသဖြင့် မိမိတို့စိတ်တွင် အတင်းပြောခြင်းနှင့် မကောင်းမှုကို တွေးခြင်း မဖြစ်အောင် အထူးသတိပြုရမည်။ မကောင်းမှု၏ အတွေးသည် မကောင်းမှုကို ပြောဖြစ်စေသလို လုပ်လည်း လုပ်ဖြစ်စေပါသည်။ ထို့ကြောင့် အထက်ပါ ဟဒီးဆ်တော်တွင် တင်ပြခဲ့သည်မှာ မကောင်းစိတ်ကို နှလုံးသားတွင် မရှိစေခြင်း ဆိုသည့်အချက်ကို ကောင်းကောင်းသတိပြုစေချင်ပါသည်။

အချို့သော မွတ်စ်လင်မ်တို့သည် ၎င်းညတွင် အထူးစားဖွယ်သောက်ဖွယ်များကို ချက်ပြုတ်ကြခြင်း အကြီးအကျယ် ကျွေးပွဲ မွေးပွဲများ ပြုလုပ်ခြင်း၊ ဗလီဝတ်ကျောင်းတော်များ၊ သင်္ချိုင်းများကို ဆင်ယဉ်ခြင်း၊ မီးထွန်းကြခြင်း၊ အမွှေးနံ့သာများ လိမ်းလည်သပွယ်ကြခြင်း အချို့နေရာများတွင် ပွဲလမ်းသဘင်များလုပ်ကြခြင်း၊ အရောင်းအဝယ် လုပ်ငန်းများ အကြီးအကျယ်လုပ်ကြခြင်း၊ စသည့်လုပ်ရပ်များသည် အခြေအမြစ်မရှိသည့် လုပ်ငန်းများ လုပ်ရပ်များဖြစ်သဖြင့် ၎င်းတို့ကို မလုပ်သင့်ပါ။ မွတ်စ်လင်မ်များ ထိုသို့လုပ်ခြင်းသည် အခြားဘာသာဝင်တို့၏ ဘာသာရေးပွဲတော်များ၏ လုပ်ရိုးလုပ်စဉ်များကို ကူးချလုပ်နေခြင်းဖြစ်သည်ကို သတိထားရမည်။ သိလျှက်နှင့်

ဆက်လက်လုပ်လျှင် အပြစ်ထိုက်သည်ကို သိသင့်သည်။ မိမိကိုယ်၌ကလည်း ထိုသို့လုပ်နေလျှင် မိမိလုပ်ရမည့် ကောင်းမှုကုသိုလ်များကို မလုပ် နိုင်သဖြင့် မိမိ၏ ကုသိုလ်ရှာဖွေမှု အခွင့်အရေး ဆုံးရှုံးနိုင်ကြောင်း သဘောပေါက်ရမည်။

အချို့သောသူတို့သည် ထိုညတွင် ဘာရာသ် ည၏ ထူးမြတ်မှုများကို ရှည်လျားထွေပြားစွာ တရားတဘောင် ဟောကြားနေသည်ကို တွေ့နိုင်သည်။ ထိုသို့ပြုလုပ်ခြင်းသည် အခြားသူများ၏ တန်ဖိုးရှိသော အချိန်ကို ဖြုန်းစေသည့်အပြင် မိမိ၏ အချိန်လည်း ကုန်ဆုံးသည်ကို သတိပြုရန် လိုအပ်သည်။ အကယ်၍ ဘာရာသ်ည အကြောင်းကို အခြားသူများသိလိုစေပါက ကြိုတင်ဟော ပြောအကြောင်းကြားရန် လိုအပ်ပါသည်။ ဤညသည် မိမိတို့ကိုယ်စီ မိမိတို့အတွက် ကြိုးပမ်းရန် သာလိုအပ်သည်ကို သတိပြုရမည်။

တရားအားထုတ်ရာတွင်လည်း တစ်သီးပုဂ္ဂလ ကြိုးပမ်းရမည်။ စုပေါင်း ဆွလာသ်ဂတ်ပြုခြင်း၊ စုပေါင်း ဇိကိရ်ပြုလုပ်ခြင်းများ မပြုလုပ်သင့်ပါ။ ဤညသည် မိမိတို့အနေဖြင့် မိုးမြေအဆုံး စကြာဝဠာတစ်ခွင်လုံး၏ ဖန်ဆင်းရှင်နှင့် တွေ့ဆုံနိုင်ရေအတွက် ကြိုးပမ်းနေချိန်ဖြစ်သဖြင့် မိမိနှင့် အလ္လာဟ်အရှင်မြတ်အကြား အခြားမည်သူကိုမျှ မလာရောက်နိုင်ရေး၊ အဝင်ရောက်နိုင်ရေးကို မိမိတို့ကောင်းကောင်းကြီး သတိထားသင့် ပါသည်။ ဥပမာ တမန်တော်မြတ် (ဆွ) ကိုကြည့်လျှင် ဤညမှာ တစ်ကိုယ်တည်း အိဗါဒသ် လုပ်နေတာကို မြင်ရသိရလိမ့်မည်။ ဇနီးတော် အိုင်ရှာ (ရ) သည် မိမိဘာသာ ရှိနေသည်ကိုလည်း တွေ့ရမည်။ တမန်တော်မြတ်သည် သူမကို မိမိအိဗါဒသ် မှာ မပါဝင်စေခဲ့ဘူး။ တစ်ကိုယ်တော် အိဗါဒသ် လုပ်ခြင်းကိုသာ ပေါ်လွင်စေပါသည်။ တမန်တော် မြတ်သည် မစ်ဂျိဒ် နဗဝီကို ဆင်ယင်ခြင်း၊ မီးရောင်စုံထွန်းခြင်း၊ အခြားသူများကိုခေါ်ပြီး အိဗါဒသ်လုပ်နေခြင်းကိုလည်း မတွေ့ရသဖြင့် ဘာရာသ်ည၏ အိဗါဒသ်သည် တစ်ကိုယ်တော် သီးသန့်လုပ်သင့်ကြောင်း၊ ဖလီဂတ်ကျောင်းတော်များတွင် လုပ်ပါကလည်း စုပေါင်း လုပ်ခြင်းကိုသာ ရှောင်ရှားပြီး မိမိဘာသာ တစ်ကိုယ်လည်း ထောင့်တစ်နေရာတွင် လုပ်သင့်ပါသည်။

ပညာရှင်အများစုအနေဖြင့် ၄င်းညတွင် စဲဟ်ရီစားသုံးပြီး ၁၅ ရက်နေ့တွင် ရိုဇာဥပုတ် စောင့်ထိန်းကြ လေ့ရှိပါသည်။ ၄င်းရိုဇာသည် မွတ်စ်သဟာဗ် အဆင့် တနည်းအားဖြင့် လုပ်သင့်ကြောင်း အကြံပြုသည့်အဆင့် သာရှိပါသည်။ လုပ်ပါက ကောင်းပြီး မလုပ်ပါကလည်း အပြစ်မရှိကြောင်း၊ ဖရဇ် တာဂန်မဟုတ်ကြောင်း သိစေပါသည်။ တမန်တော်မြတ် (ဆွ) အနေဖြင့် ၄င်းရက်တွင် နဖိလ် ရိုဇာ စောင့်ထိန်းသင့်ကြောင်း အထူးသတိပေးခဲ့ပါသည်။ အချို့ကတော့ ဤ ဟဒီးဆ်တော်ကို မမှန်ကန်ကြောင်း ပြောကြပေလိမ့်မည်။ သို့သော် အထက်တွင် ဖေါ်ပြခဲ့သည့် ဟဒီးဆ်တော်များကို ကြည့်လျှင် တမန်တော်မြတ်သည် ရာဘာန်လ၏ ရိုဇာကို မပြတ်တမ်းနှင့် အများဆုံးရိုဇာစောင့်ထိန်းခဲ့သည်ကို ကြည့်ခြင်းဖြင့် တမန်တော်မြတ် ရိုဇာစောင့်ထိန်းခဲ့ခြင်းကို ငြင်းဆိုနိုင်ဖွယ်မရှိပါ။ ထို့အပြင် မြောက်များစွာသော ပညာရှင်များ မိမိတို့၏ အကြီးအကဲများသည်

ရှာဘာန်လ၏ မြင့်မြတ်ခြင်းအကြောင်း ရှာဘာန်လတွင် ရိုဇာစောင့်ထိန်းခြင်းအကြောင်းကို နှစ်ပေါင်း ရာစု ထောင်စု ချီကာ တင်ပြ လုပ်ပြ ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဘာရာသ် ည သည် အမှန်ဖြစ်ခြင်း ၎င်း၏ အိဗါဒသ်များ နေ့အခါ ရိုဇာစောင့်ထိန်းခြင်းများ အကျိုးကျေးဇူးများသည် မှန်ကန်သည်ဟု တင်ပြလိုက်ပါသည်။

ကျွန်တော်တို့ အမြဲကြားနေရသည့် ကျွန်တော်တို့၏ ဆရာသခင် မော်လာနာ ဇရိုရှလ္လာဟ် ဆွာဟိဗ် (ရ) ၏ ရန်ကုန်မြို့ ၁၃၆ လမ်း မဒါးဇလီတွင် အီရှာဆွလာသ် အပြီး တရားဟော်ပြောမှုကိုမူ ကျွန်ပ်တို့သည် မဖြစ်မနေ သွားနားထောင်မိသည်။ ဆရာကြီးက အထက် တွင် ဖေါ်ပြသည့် ဟဒီးဆ်တော်များ၊ ကို တင်ပြလေ့ရှိပြီး အထူးသတိပေးတတ်သည်မှာ ၎င်းညတွင် လုပ်ဆောင်ရမည့် အမလ် အိဗါဒသ် များတွင် "ဆွလာသွလ် သစ်ဘီဟ်" ကို ဖတ်ဖြစ်အောင် ဖတ်ကြရန် ပင်ဖြစ်သည်။ ၎င်းဆွလာသ်တွင် ဖတ်ရမည့် ဇိကိရ်မှာ "စူဗဟာနလ္လာဟိ ဝလ်ဟမ်ဒုလိလ္လာဟိ ဝလာအိလာဟ အိလလ္လာဟု ဝလ္လာဟု ဝအက်ဘာရ်" ပင်ဖြစ်ပါသည်။

ဆရာကြီးတင်ပြသည့် "ဆွလာသွလ် သစ်ဘီဟ်" ဖတ်နည်းမှာ ပထမ ၄ ရကာအသ် နိယသ်ချပြီးနောက် အလ္လာဟုအက်ဘာရ် သက်ဗီရ် ဖတ်ပြီး (၁) စူရာဖာသိဟာအရင် အထက်ပါဇိကိရ် ကို ၁၅ ခေါက်ဖတ်ပါ (၂) စူရာဖါသိဟာဖတ်ပြီးနောက် ၎င်းဇိကိရ်ကို ၁၀ ခေါက်ဖတ်ပါ (၃) ရုကူအ် စူဘဟာနလ္လာရဗ်ဗိယလ်အဇီးမ် ၃ ခါ ဖတ်ပြီး ၎င်းဇိကိရ်ကို ၁၀ ခေါက်ဖတ်ပါ (၄) ရုကူအ်အပြီး ပြန်မတ်တတ်ရပ်ချိန်တွင် ၎င်းဇိကိရ်ကို ၁၀ ခေါက်ဖတ်ပါ (၅) ပထမ စိဂျဒဟ်တွင် စူဘဟာနလ္လာရဗ်ဗိယလ်အာ့လာ ၃ ကြိမ်ဖတ်ပြီး နောက် ၎င်းဇိကိရ်ကို ၁၀ ခေါက်ဖတ်ပါ (၆) ပထမ စိဂျဒဟ် အပြီး ပြန်ထိုင်ချိန်တွင် ၎င်းဇိကိရ်ကို ၁၀ ခေါက်ဖတ်ပါ (၇) ဒုတိယ စိဂျဒဟ်တွင် စူဘဟာနလ္လာရဗ်ဗိယလ်အာ့လာ ၃ ကြိမ်ဖတ်ပြီးနောက် ၎င်းဇိကိရ်ကို ၁၀ ခေါက်ဖတ်ပါ။ ဤသို့ဖြင့် (၁) ရကာအသ်တွင် ၎င်းဇိကိရ် အကြိမ် ၇၅ ခေါက်ဖတ်မိသွားလိမ့်မည်။ ၄ ရကာအသ် ဖတ်မိလျှင် အကြိမ်ပေါင်း ၃၀၀ ဖတ်မိလိမ့်မည်။ ဤသည်မှာ ဆွလာသွလ် သစ်ဘီဟ် ပင်ဖြစ်သည်။

ဆရာကြီးဆက်လက်တင်ပြသည်မှာ မဂ်ရိဗ် ဆွလာသ်အပြီးတွင် နဖိလ် ဟာဂျသ် ၂ ရကာအသ် ၃ ကြိမ် ဖတ်ကာ အကြိမ်တိုင်း အတွက် ပထမအကြိမ်တွင် မိမိ အသက်ရှည်ကျန်းမာရန်အတွက်၎င်း၊ ဒုတိယ အကြိမ်တွင် ရိုဇီရိက္ခာ တိုးပွားရန်အတွက်၎င်း၊ တတိယအကြိမ်တွင် ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးရန်အတွက် ၎င်း နိယသ်ထားကာ ဖတ်သင့်ကြောင်းတင်ပြလေ့ရှိပါသည်။ ဆက်လက်တင်ပြသည်မှာ စူရာ ရာစီးန် ကို ၃ ကြိမ် အထက်ပါ နိယသ်ဖြင့် ဖတ်သင့်ကြောင်းဖြစ်ပါသည်။ တစ်ခေါက် ဖတ်ပြီးတိုင်း အောက်ပါ ဒိုအာကို ဖတ်သင့်ကြောင်းတင်ပြပါသည်။

မဂ်ရိပ် ဖတ်ပြီးနောက် ဆွလာသ် ၂ ရကအသ် ၃ ကြိမ် ဖတ်သည်ဆိုရာတွင် ၆ ရကအသ် ဖြစ်မည်။ ၂ ရကအသ် ဖတ်ပြီးတိုင်း အောက်ပါ ဒိုအာကို တစ်ခေါက်ဖတ်ပါက အလွန်ကောင်းပါသည်။ ထိုနည်းအတိုင်း စူရာ ရာစီးန် ဖတ်ရာတွင်လည်း တစ်ခါ ဖတ် ပြီးတိုင်း အောက်ပါဒိုအာကို တစ်ခေါက်ဖတ်ပါက အလွန်ကောင်းပါသည်။




ဒိုအာတောင်းသည့်အခါတွင်လည်း ကောင်းကောင်းမွန်မွန် စိတ်ဝင်စားစွာဖြင့် မိမိအလိုဆန္ဒများကို တောင်းခံ သင့်ပါသည်။ မိမိအလိုဆန္ဒများကို တောင်းခံသည့်အပြင် မိမိတို့ သိလျှက်ဖြစ်စေ မသိ၍ဖြစ်စေ ကျူးလွန်ခဲ့သည့် အပြစ်များကိုလည်း ခွင့်လွှတ်ပါလို ကြောင်း တောင်းခံသင့်သည်။ အများအားဖြင့် မိမိတို့ ကျူးလွန်တတ်သည့် အပြစ်ဂိုနာများတွင် (၁) ကုဖုရ်နှင့် ရှိရိက် လုပ်ခဲ့မိခဲ့လျှင် ၄င်း၊ (၂) မိမိညီအကိုများနှင့် ရန်လိုမုန်းထားမိခဲ့ လျှင်၄င်း၊ (၃) ဆွေမျိုးသားခြင်းများ၏ အခွင့်အရေးကို မပေးခဲ့မိလျှင်၄င်း၊ (၄) မိဘ များကို ကလန်ကဆန် လုပ်ခဲ့မိသည်များကို၄င်း၊ (၅) အရက်သေစာ သောက်စားမိခဲ့သူလျှင်၄င်း၊ (၆) သူတစ်ပါးကို မတရားလုပ်ခဲ့မိ ခဲ့လျှင်၄င်း၊ (၇)ခိုးယူ လိမ်လည် ခဲ့မိလျှင်၄င်း၊ (၈) သူများအကြောင်း မတရားအတင်းပြောခြင်း၊ ဂုံးတိုက်ခြင်း၊ သူတစ်ပါးကို ဂျောက်ကျအောင် လုပ်ခဲ့ခြင်း၊ စသဖြင့် မိမိတို့၏ ပြစ်မှုအပေါင်းကို အလ္လာဟ်အရှင်မြတ်ထံ စိတ်ရောကိုယ်ရော နလုံးအပါ လိုလိုလားလားဖြင့် အပြစ်အပေါင်းမှ ကင်းလွှတ်ခွင့်ရအောင်လည်း တောင်းခံရန် မမေ့သင့်ပါကြောင်းတင်ပြလိုက်ပါသည်။

**ဘာရာသ် ညတွင် အောက်ပါဒိုအာကို အနည်းဆုံး သုံးကြိမ်ဖတ်က အလွန်သင့်တော်ပါသည်။**



دعاء نصف شعبان المعظم

بسم الله الرحمن الرحيم

اللهم يا ذا المن ولا يمن عليه ☆ يا ذا الجلال والإكرام ☆
يا ذا الطول والإنعام ☆ لا إله إلا أنت ظهر اللاجين ☆ وجار
المستجيرين ☆ وأمان الخائفين ☆ اللهم إن كنت كتبتني
عندك في أم الكتاب شقيا أو محروما أو مطرودا أو مقترا علي في
الرزق فامح ☆ اللهم بفضلك شقاوتي وحرماني وطردي
واقتار رزقي ☆ وأثبتني عندك في أم الكتاب سعيدا مرزوقا
موفقا للخيرات ☆ فإنك قلت وقولك الحق في كتابك
المنزل ☆ على لسان نبيك المرسل ☆ يمحو الله ما يشاء
ويثبت ☆ وعنده أم الكتاب ☆ إلهي بالتجلي الأعظم في
ليلة النصف من شهر شعبان المكرم ☆ التي يفرق فيها كل
أمر حكيم ويبرم ☆ أن تكشف عنا من البلاء والبلواء ما نعلم وما
لا نعلم ☆ وأنت به أعلم ☆ إنك أنت الأعز الأكرم ☆ وصلى
الله تعالى على سيدنا محمد وعلى آله وصحبه وسلم ☆
والحمد لله رب العالمين ☆

အဆုံးအနေဖြင့် တင်ပြလိုသည်မှာ မွတ်စ်လင် ညီနောင်အပေါင်းတို့ မိမိတို့သည် ကမ္ဘာ၏ အရှေ့အနောက် တောင်မြောက် အရပ်တိုင်းတွင် ရှိနေသည်။ အမေရိကမှာ မြန်မာ မွတ်စ်လင်တွေ ရှိသလို အခြား နိုင်ငံများ အရှေ့အလယ်ပိုင်း အာစီယံနိုင်ငံများ တောင်အမေရိကနှင့် ဩစတေးလျ နိုင်ငံတို့မှာလည်း ရှိပါသည်။ အချို့က မြန်မာနိုင်ငံ ပေါက် မွတ်စ်လင်တွေဖြစ်သလို ဟနဖီမဇ်ဟဗ် ဝင်တွေဖြစ်ပါတယ်။ အချို့က ရှာဖအီ မဇ်ဟဗ်ဝင် တွေဖြစ်ကုန်ပါတယ်။ အချို့က အထက်ပါ ဟဒီးဆ်တော်တွေနှင့် ဘာရာသ် ညကို လက်ခံကျဉ်းပသလို အချို့က လက်မခံဘူးဆိုတာကို နားလည်သဘောပေါက်နိုင်ပါတယ်။ သို့သော် မည်သို့ပင်ဖြစ်ပါစေ တစ်ဦးကို တစ်ဦး နားလည်သဘောပေါက်ပေးမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ယူနီတီ တစ်ခု ရလာနိုင်ပါတယ်။ အားလုံးငြိမ်းချမ်း နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ အာမီးန်။

بَارَكَ اللهُ لِي وَلَكُمْ فِي الْقُرْآنِ الْعَظِيمِ ، وَنَفَعَنِي وَإِيَّاكُمْ بِمَا فِيهِ مِنَ الآيَاتِ وَالذِّكْرِ الْحَكِيمِ ، وَتَقَبَّلَ مِنِّي وَمِنْكُمْ تِلاوَتَهُ إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ ، أَقُولُ قَوْلِي هَذَا وَأَسْتَغْفِرُ اللهَ الْعَظِيمَ لِي وَلَكُمْ، وَلِسَائِرِ لْمُسْلِمِينَ وَالْمُسْلِمَاتِ ، وَالْمُؤْمِنِينَ وَالْمُؤْمِنَاتِ ، فَاسْتَغْفِرُوهُ فَيَا فَوْزَ الْمُسْتَغْفِرِينَ وَيَا نَجَاةَ التَّائِبِينَ

လေးစားစွာဖြင့်။ မော်လာနာ မုဟမ္မဒ် အက္ကဲ့ဘရ်ရှားဟ်